# မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှု

# လုပ်ငန်းဖွံ့ဖြိုးရေး နည်းဥပဒေ

မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၂ | အခန်း(၂) | အသေးစားစက်မှုလက်မှုလုပ်ငန်း | ၂ | ၃ |
| ၃ | အခန်း(၃) | နည်းပညာလွှဲပြောင်းသင်တန်းများဖွင့်လှစ်ခြင်း | ၃ | ၄ |
| ၄ | အခန်း(၄) | ကော်မတီဖွဲ့စည်းခြင်း | ၄ | ၅ |
| ၅ | အခန်း(၅) | သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း | ၆ | - |
| ၆ | အခန်း(၆) | လုပ်ငန်းမျိုးတူစုအဖွဲ့များဖွဲ့စည်းခြင်း | ၆ | ၈ |
| ၇ | အခန်း(၇) | မှတ်ပုံတင်စိစစ် စစ်ဆေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း | ၈ | ၉ |
| ၈ | အခန်း(၈) | လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း၊ပယ်ဖျက်ခြင်း၊ သက်တမ်းတိုးခြင်း၊ အချက်အလက် ပြင်ဆင်ခြင်း၊ လိပ်စာပြောင်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်အသစ်လျှောက်ထားခြင်း | ၉ | ၁၁ |
| ၉ | အခန်း(၉) | ဘဏ္ဍာရေး | ၁၁ | - |
| ၁၀ | အခန်း(၁၀) | အထွေထွေ | ၁၂ | - |

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း**

**ဖွံ့ဖြိုးရေး နည်းဥပဒေများ**

**(မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းဥပဒေအမှတ် ၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဖွံ့ဖြိုးရေး နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေများကို ဆိုသည်။

(ခ) **အတွေ့အကြုံရှိသူတစ်ဦး**ဆိုသည်မှာ အသေးစားနှင့်အလတ်စား စက်မှုလက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာလိုက်စားပြီး မိမိကိုယ်တိုင်လုပ်ဆောင်သူ၊ ဆက်စပ်ဝန်ကြီးဌာနတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့သူ တစ်ဦးဦးကို ဆိုသည်။

(ဂ) **လျှောက်လွှာ**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာကို ဆိုသည်။

(ဃ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင် လက်မှတ်ကို ဆိုသည်။

## အခန်း(၂)

## အသေးစားစက်မှုလက်မှုလုပ်ငန်း

၃။ အသေးစားစက်မှုလက်မှုလုပ်ငန်းသည် မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် **လျှပ်စစ်မော်တာ မြင်းကောင်ရေ ၅ကောင်အားနှင့်အောက်** အသုံးပြုသည့် အလုပ်သမား ၉ ဦးထက်မပိုသော စက်မှုလုပ်ငန်းနှင့် အလုပ်သမား ၃ ဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်းများဖြစ်သောကြောင့် အထက်ပါသတ်မှတ်ချက်များထက် မကျော်လွန်သော အောက်ပါလုပ်ငန်းများပါဝင်သည်-

(က) **သစ်အခြေပြုလုပ်ငန်းများ။** ပြန်စိတ်နှင့်ပရိဘောဂလုပ်ငန်း၊ သစ်သားသေတ္တာခွံလုပ်ငန်း၊ မီတာပုံးခွံလုပ်ငန်း၊ ဘီတင်ချောင်းလုပ်ငန်း၊ မှန်ဘောင်လုပ်ငန်း၊ ပန်းပုလုပ်ငန်း၊ ပန်းပွတ်လုပ်ငန်း၊ တံခါးကျည်းဘောင်လုပ်ငန်း၊ ရက်ကန်းစင်ပစ္စည်းလုပ်ငန်း၊ လှည်းပစ္စည်းလုပ်ငန်း စသည်များပါဝင်သည်။

(ခ) **ကျောက်စိမ်းအခြေပြုလုပ်ငန်း။** ကျောက်စိမ်းဖြတ်လုပ်ငန်း၊ ကျောက်စိမ်းသွေးလုပ်ငန်း၊ အရောင်တင်လုပ်ငန်း၊ လက်ကောက်လုပ်ငန်း၊ ကျောက်စိမ်းပန်းပုလုပ်ငန်း၊ ကျောက်စိမ်းအနုပညာလုပ်ငန်း၊ ကျောက်စိမ်းပန်းချီလုပ်ငန်း စသည်များပါဝင်သည်။

(ဂ) **စားသောက်ကုန်လုပ်ငန်း။** သစ်သီးအနှစ်ရည်လုပ်ငန်း၊ ယိုစုံလုပ်ငန်း၊ ဂျယ်လီလုပ်ငန်း၊ သစ်သီးဝိုင်လုပ်ငန်း၊ ဆော့(စ်)လုပ်ငန်း၊ သစ်သီးသနပ်လုပ်ငန်း၊ ထန်းသီးအခြေခံစားသောက်ကုန်လုပ်ငန်း၊ စားသုံးဆီလုပ်ငန်း၊ ပဲနို့လုပ်ငန်း၊ ဒိန်ချဉ်လုပ်ငန်း၊ ပဲပြားလုပ်ငန်း၊ ရေခဲမုန့်လုပ်ငန်း၊ ရေခဲချောင်းလုပ်ငန်း၊ ပဲလမုန့်လုပ်ငန်း၊ မုန့်ဖက်အစိုလုပ်ငန်း၊ မုန့်ဖတ်ခြောက်လုပ်ငန်း၊ ခေါက်ဆွဲအစိုလုပ်ငန်း၊ ခေါက်ဆွဲခြောက်လုပ်ငန်း၊ ဆန်ပြုတ်မှုန့်လုပ်ငန်း၊ အာလူးကြော်လုပ်ငန်း၊ ငါးမုန့်ကြော်လုပ်ငန်း၊ ငါးခြောက်ကြော်လုပ်ငန်း၊ အသားခြောက်လုပ်ငန်း၊ လ္ဘက်နှင့်အကြော်စုံလုပ်ငန်း၊ လ္ဘက်ခြောက်လုပ်ငန်း၊ ငါးပိထောင်းလုပ်ငန်း၊ ပဲမှုန့်လုပ်ငန်း၊ ငရုတ်သီးမှုန့်လုပ်ငန်း၊ ငံပြာရည်လုပ်ငန်း၊ ပဲငံပြာရည်လုပ်ငန်း၊ ပေါင်မုန့်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်း၊ မုန့်ကြွပ်လုပ်ငန်း၊ ရှောက်သီးဆေးပြားလုပ်ငန်း စသည်များပါဝင်သည်။

(ဃ) **လူသုံးကုန်နှင့်အလှကုန်လုပ်ငန်း။** ဆပ်ပြာလုပ်ငန်း၊ ပတ္တီးလုပ်ငန်း၊ အကြောကပ်ပလာစတာလုပ်ငန်း၊ သွားတိုက်ဆေးလုပ်ငန်း၊ မျက်စဉ်းဆေးလုပ်ငန်း၊ အင်ဂျင်ဝိုင်ထုတ်ပိုးမှုလုပ်ငန်း၊ ဒဏ်ကြေလိမ်းဆေးလုပ်ငန်း၊ အရက်ပျံလုပ်ငန်း၊ အနာထည့်

ဆေးရည်လုပ်ငန်း၊ စနိုးလုပ်ငန်း၊ မိတ်ကပ်လုပ်ငန်း၊ ခေါင်းလိမ်းဆီလုပ်ငန်း၊ သနပ်ခါးလုပ်ငန်း၊ ချိုင်းချွေးနံ့ပျောက်ဆေးလုပ်ငန်း စသည်များပါဝင်သည်။

(င) **ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း။** လက်ရက်ကန်းလုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ အထည်ဆေးရေးပန်းချီလုပ်ငန်း၊ အထည်ရွှေချည်ထိုးလုပ်ငန်း၊ အထည်ပန်းထိုးလုပ်ငန်း၊ ချည်ကျစ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ထီးလုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်း၊ ဦးထုပ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း စသည်များပါဝင်သည်။

(စ) **စက်မှုလုပ်ငန်း။** အမှုန့်ကြိတ်စက်လုပ်ငန်း၊ ဝါကြိတ်စက်လုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ပဲခွဲစက်လုပ်ငန်း၊ ဇီးခွဲစက်လုပ်ငန်း၊ ကျောက်ခွဲစက်လုပ်ငန်း၊ သံပန်းသံတခါးလုပ်ငန်း၊ စတိန်းလက်စတီးလုပ်ငန်း စသည်များပါဝင်သည်။

(ဆ) **အထွေထွေလုပ်ငန်းများ။** အလူမီနီယံမှန်ဘောင်လုပ်ငန်း၊ မီးအားမြင့်စက်လုပ်ငန်း၊ မီးအားမြင့်စက်ပုံးခွံလုပ်ငန်း၊ သံသေတ္တာလုပ်ငန်း၊ ဆံပင်ညှပ်ဆိုင်လုပ်ငန်း၊ အလှပြင်ဆိုင်လုပ်ငန်း၊ ရွှေဆိုင်းလုပ်ငန်း၊ လေထိုးကျွတ်ဖာလုပ်ငန်း၊ ကားရေးဆေးဆီလိုက်လုပ်ငန်း၊ ကားပြင်လုပ်ငန်း၊ သံဇကာလုပ်ငန်း၊ ကားအလှဆင်လုပ်ငန်း၊ ဆေးလိပ်ခုံလုပ်ငန်း၊ ပန်းချီလုပ်ငန်း၊ ပန်းတမော့လုပ်ငန်း၊ ပန်းယွန်းလုပ်ငန်း၊ ပန်းဘဲလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ပန်းတဉ်းလုပ်ငန်း စသည်များပါဝင်သည်။

## အခန်း(၃)

## နည်းပညာလွှဲပြောင်းသင်တန်းများဖွင့်လှစ်ခြင်း

၄။ ဦးစီးဌာနသည် နည်းပညာလွှဲပြောင်းပေးခြင်းသင်တန်းများကို ဝန်ကြီးဌာနနှင့်ဦးစီးဌာနရုံးချုပ်ထံသို့ တင်ပြခွင့်ပြုချက်ရယူပြီး အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) သင်တန်းများကို အခကြေးငွေဖြင့်လည်းကောင်း၊ အခမဲ့ဖြင့်သော်လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ရမည်၊

(ခ) သင်တန်းနည်းပြအကူအညီလိုအပ်ပါက ဦးစီးဌာနရုံးချုပ်သို့တင်ပြ၍ ဝန်ကြီးဌာနအစီအမံဖြင့်ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်သူများ ခေါ်ယူနိုင်သည်၊

(ဂ) အခမဲ့နည်းပညာသင်တန်းများဖွင့်လှစ်သည့် ကုန်ကျစရိတ်ကို အစိုးရအဖွဲ့ထံတင်ပြတောင်းခံရမည်၊

(ဃ) သင်တန်းများဖွင့်လှစ်ရန်အတွက် သတင်းစာနှင့် ဂျာနယ်များ၌ သတင်းနှင့်ကြော်ငြာများအား ထည့်သွင်းဖော်ပြရမည်။ ရေဒီယိုလိုင်းများတွင် သတင်းများထည့်သွင်းခြင်း၊

လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကြော်ငြာဗီနိုင်းများ ပြုလုပ်ခြင်းများ ဆောင်ရွက်ရမည်။

(င) တိုင်းဒေသကြီးအတွင်းရှိ သမဝါယမဦးစီးဌာနများနှင့် ချိတ်ဆက်၍ နည်းပညာ လွှဲပြောင်းသင်တန်းများဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ရမည်၊

(စ) အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ စသည်တို့မှ သင်တန်းများဖွင့်လှစ်ပေးရန် တောင်းဆိုညှိနှိုင်းလာပါက ဝန်ကြီးဌာနနှင့် ဦးစီးဌာနသို့ခွင့်ပြုချက်များရယူ၍ သင်တန်းဖွင့်လှစ်နိုင်သည်။

(ဆ) သင်တန်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရမည်။

## အခန်း(၄)

## ကော်မတီဖွဲ့စည်းခြင်း

၅။ အစိုးရသည် ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (က) | ဝန်ကြီး | စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | လုပ်ငန်းရှင် | တိုင်းဒေသကြီးကုန်သည် များနှင့်စက်မှုလုပ်ငန်းရှင် များအသင်း | အဖွဲ့ဝင် |
| (ဂ) | လုပ်ငန်းရှင် | တိုင်းဒေသကြီး၊ လူသုံးကုန် နှင့်အလှကုန်ထုတ်လုပ်သူ များအသင်း | အဖွဲ့ဝင် |
| (ဃ) | လုပ်ငန်းရှင် | တိုင်းဒေသကြီး၊စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်သူအသင်း | အဖွဲ့ဝင် |
| (င) | လုပ်ငန်းရှင် | တိုင်းဒေသကြီး၊ရက်ကန်း လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (စ) | လုပ်ငန်းရှင် | စက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုး ရေးအတွေ့အကြုံရှိသူ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | တိုင်းဦးစီးမှူး | တိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန | အတွင်းရေးမှူး |

၆။ ဝန်ကြီးသည် မြို့နယ်အသေးစားလက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | လုပ်ငန်းရှင် | အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီး ဌာနမှသတ်မှတ်ပေးသူ | အဖွဲ့ဝင် |
| (ဃ) | လုပ်ငန်းရှင် | အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီး ဌာနမှသတ်မှတ်ပေးသူ | အဖွဲ့ဝင် |
| (င) | လုပ်ငန်းရှင် | အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီး ဌာနမှသတ်မှတ်ပေးသူ | အဖွဲ့ဝင် |
| (စ) | လုပ်ငန်းရှင် | စက်မှုလက်မှုဖွံ့ဖြိုးရေး အတွေ့အကြုံရှိသူ | အဖွဲ့ဝင် |
| (ဆ) | မြို့နယ်ဦးစီးမှူး | မြို့နယ်သမဝါယမ ဦးစီးဌာန | အတွင်းရေးမှူး |

## အခန်း(၅)
## သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း

၇။ ဦးစီးဌာနသည် သုတေသနလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သုတေသနပြုလုပ်သည့်စာရင်းအား ဝန်ကြီးဌာနနှင့် ဦးစီးဌာနရုံးချုပ်သို့ တင်ပြခွင့်ပြုချက်ရယူရမည်။

(ခ) သုတေသနပြုလုပ်ရန် အသုံးစရိတ်ကို အစိုးရအဖွဲ့ထံ တင်ပြတောင်းခံရမည်။

(ဂ) သုတေသနပြုလုပ်ရာမှရရှိလာသော ရလာဒ်များအား အမှန်အသုံးချနိုင်သည့် အနေအထားရရှိအောင် ပြုလုပ်ရမည်။

(ဃ) အမှန်အသုံးပြုနိုင်သည့် အခြေအနေရရှိမှသာ နည်းပညာ လွှဲပြောင်းပေးရမည်။

(င) သုတေသနပြုလုပ်ရာတွင် လိုအပ်သောနည်းပညာ၊ စက်ကိရိယာ၊ လူပုဂ္ဂိုလ်လိုအပ်ချက်များအား ဝန်ကြီးဌာနများနှင့် ဦးစီးဌာနရုံးချုပ်သို့ တင်ပြတောင်းခံရမည်။

## အခန်း(၆)
## လုပ်ငန်းမျိုးတူစုအဖွဲ့များဖွဲ့စည်းခြင်း

၈။ ဦးစီးဌာနသည် လုပ်ငန်းမျိုးတူစုအဖွဲ့များ ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်တစ်မြို့နယ်အတွင်း မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း မျိုးတူစုဖွဲ့စည်းနိုင်ရန်အတွက် ဦးစီးဌာနတွင် မှတ်ပုံတင်ရရှိထားသည့် လုပ်ငန်းရှင် အနည်းဆုံး ၉ ဦးရှိရမည်။

(ခ) မြို့နယ်တစ်မြို့နယ်တွင် လုပ်ငန်းအမျိုးအစားတစ်မျိုးလျှင် မျိုးတူစုတစ်ခုစီသာ ဖွဲ့စည်းရမည်။

(ဂ) မျိုးတူစုဖွဲ့စည်းရန် လုပ်ငန်းရှင်တစ်ဦးမှ ဆော်သြစည်းရုံးသူအနေဖြင့် မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း မျိုးတူစုအဖွဲ့ ဖွဲ့စည်းရန်ဆန္ဒရှိသည့် လုပ်ငန်းရှင်များအား အစည်းအဝေးဖိတ်ကြား၍ ပုံစံ(က-၁)တွင် လက်မှတ်ရေးထိုးရပါမည်။

(ဃ) အစည်းအဝေးတက်ရောက်သည့် လုပ်ငန်းရှင်များညှိနှိုင်း၍ မြို့နယ်အသေးစား စက်မှုလက်မှု မျိုးတူစု အစုအဖွဲ့စည်းမျဉ်း မူကြမ်းကို ရေးဆွဲရပါမည်။

(င) ဆော်သြစည်းရုံးသူလုပ်ငန်းရှင်သည် ပုံစံ(က)တွင် ဖြည့်စွက်လက်မှတ် ရေးထိုးပြီး ပုံစံ(က-၁)နှင့် ညှိနှိုင်းရေးဆွဲထားသည့် မြို့နယ် စက်မှုလက်မှု မျိုးတူစုအဖွဲ့စည်းမျဉ်း မူကြမ်းတို့ကိုပါပူးတွဲ၍ ဦးစီးဌာနသို့ အဆိုပြုလျှောက်ထားရပါမည်။

(စ) မြို့နယ်အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ ဖွဲ့စည်းခွင့်ရရှိပါက ဆော်သြစည်းရုံးသူသည် ဦးစီးဌာနနှင့်ညှိနှိုင်း၍ ဆန္ဒပြုထားသည့် လုပ်ငန်းရှင်များအား မြို့နယ်မျိုးတူစုအဖွဲ့ ဖွဲ့စည်းသည့် အစည်းအဝေးကို ပြုလုပ်မည့်နေရာ၊ နေ့ရက်နှင့်အချိန်များဖော်ပြ၍ ဖိတ်ကြားရမည်။

(ဆ) မြို့နယ်အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ ဖွဲ့စည်းသည့် အစည်းအဝေးတွင် တက်ရောက်လာကြသည့် လုပ်ငန်းရှင်တစ်ဦးမှ သဘာပတိအဖြစ် ဆောင်ရွက်၍ လုပ်ငန်းရှင်တစ်ဦးမှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။

(ဇ) အစည်းအဝေးတွင် မြို့နယ်အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ စည်းမျဉ်းမူကြမ်းကိုဖတ်ကြားတင်ပြ၍ အတည်ပြုကြောင်းဆုံးဖြတ်ရပါမည်။

(ဈ) မြို့နယ်အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ စည်းမျဉ်းတွင် သတ်မှတ်ထားရှိသည့် အမှုဆောင်ဦးရေကို ညှိနှိုင်းရွေးချယ်ရပါမည်။

(ည) ညှိနှိုင်းရရှိသော အမှုဆောင်များထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များကို ညှိနှိုင်းရွေးချယ်ရပါမည်။

(ဋ) မြို့နယ်အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ ဖွဲ့စည်းရေး အစည်းအဝေးကျင်းပပြုလုပ်ပြီးပါက မြို့နယ် အသေးစားစက်မှုလက်မှုမျိုးတူစုအဖွဲ့ ဥက္ကဋ္ဌသည် ပုံစံ(ခ)ကို ဖြည့်စွက်လက်မှတ် ရေးထိုး၍ အစည်းအဝေးမှတ်တမ်းနှင့် မျိုးတူစုအဖွဲ့ စည်းမျဉ်းတို့ကိုပူးတွဲပြီး ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားရမည်။

(ဌ) အဖွဲ့ ဖွဲ့စည်းရေးတင်ပြချက်များ မှန်ကန်မှုရှိပါက ဦးစီးဌာနမှ အသင်းဖွဲ့စည်းခွင့်လက်မှတ် ထုတ်ပေးရမည်။

(ဍ) မျိုးတူစုအဖွဲ့များ ဖွဲ့စည်းပြီးကြောင်းကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနရုံးချုပ်သို့ တင်ပြရမည်။

၉။ မျိုးတူစုအဖွဲ့များသည် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ရမည်-

(က) ဥပဒေပါအခြေခံမူများနှင့်လျော်ညီစွာ မျိုးတူစုများမှ စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) စီးပွားရေးလုပ်ငန်းတစ်ခုအတွက် လိုအပ်သောရင်းနှီးငွေနှင့် လည်ပတ်ငွေအတွက် လုပ်ငန်းမျိုးတူသည့် အသေးစား စက်မှု လက်မှု လုပ်ငန်းရှင်များ စုပေါင်းဖြေရှင်းရန်၊

(ဂ) လုပ်ငန်းတူစီးပွားရေးတွင် ဈေးနှုန်း၊ ဈေးကွက်အခက်အခဲ၊ ဝယ်ယူဖြန့်ဖြူးရေး အခက်အခဲ၊ ထုတ်လုပ်မှုအခက်အခဲများကို အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များ စုပေါင်းဖြေရှင်းရန်၊

(ဃ) အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(င) အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူလုပ်ငန်းရှင်များအား ဥပဒေအရ မှတ်ပုံတင်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ရန်၊

(စ) မျိုးတူစုအဖွဲ့များတွင် အဖွဲ့ဝင်လုပ်ငန်းရှင်များ တိုးပွားလာစေရေး စည်းရုံးဆောင်ရွက်ပေးရန်၊

(ဆ) မျိုးတူစုအဖွဲ့တွင်ပါဝင်သော လုပ်ငန်းရှင်များ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(ဇ) လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများအား အဖွဲ့ဝင်လုပ်ငန်းရှင်များမှ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊

(ဈ) မျိုးတူစုအဖွဲ့တွင်ပါဝင်သော အသေးစားစက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊

## အခန်း(၇)

## မှတ်ပုံတင်စိစစ် စစ်ဆေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁၀။ မှတ်ပုံတင်စိစစ် စစ်ဆေးရေးအဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | တိုင်းဦးစီးမှူး | ဥက္ကဋ္ဌ |
| (ခ) | အစားအသောက်ကျွမ်းကျင်သူဝန်ထမ်း(၁)ဦး | အဖွဲ့ဝင် |
| (ဂ) | လူသုံးကုန်နှင့်အလှကုန်ကျွမ်းကျင်သူဝန်ထမ်း(၁)ဦး | အဖွဲ့ဝင် |
| (ဃ) | စက်မှုကျွမ်းကျင်သူဝန်ထမ်း(၁)ဦး | အဖွဲ့ဝင် |
| (င) | ဓာတ်ခွဲကျွမ်းကျင်သူဝန်ထမ်း(၁)ဦး | အဖွဲ့ဝင် |
| (စ) | ဒုတိယတိုင်းဦးစီးမှူး | အတွင်းရေးမှူး |

၁၁။ မှတ်ပုံတင်လုပ်ငန်း စိစစ်စစ်ဆေးရေးအဖွဲ့သည် မှတ်ပုံတင်ထုတ်ပေးသင့်သူများကို စိစစ်ပြီး သတ်မှတ်ထားသည့် လျှောက်လွှာ(အစလပုံစံ-၁)ဖြင့် လျှောက်ထားစေရမည်။

၁၂။ တိုင်းဦးစီးမှူးသည် မှတ်ပုံတင် စိစစ်စစ်ဆေးရေးအဖွဲ့အား သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်စစ်ဆေးရန် တာဝန်ပေးရမည်။

၁၃။ မှတ်ပုံတင် စိစစ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးသင့်ကြောင်း စိစစ်တွေ့ရှိရပါက တိုင်းဦးစီးမှူးသည် ကော်မတီသို့တင်ပြပြီး ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၄။ ဓာတ်ခွဲစမ်းသပ်ရန်မလိုသည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးပြီးပါက နေ့ချင်းပြီး (One Stop Service)ထုတ်ပေးရမည်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရမည့် လုပ်ငန်းများကိုမူ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီးပါက ချက်ချင်းထုတ်ပေးရမည်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို မိမိရုံးတွင်စစ်ဆေးနိုင်သည့် ပစ္စည်းဖြစ်ပါက ၃ ရက်ထက် ကျော်လွန်မကြာစေရ။

၁၅။ လစဉ်မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့် စာရင်းအား ကော်မတီသို့ လစဉ်အတည်ပြုချက်ရယူရမည်။ ကော်မတီအတည်ပြုပြီးသည့်စာရင်းများအား ဝန်ကြီးဌာနနှင့် ဦးစီးဌာနရုံးချုပ်သို့ လစဉ်လဆန်း ၅ရက်နေ့ အရောက်ပေးပို့ရမည်။

## အခန်း(၈)

## လုပ်ငန်းမှတ်ပုံတင်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ သက်တမ်းတိုးခြင်း၊ အချက်အလက်ပြင်ဆင်ခြင်း၊ လိပ်စာပြောင်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်အသစ် လျှောက်ထားခြင်း

၁၆။ အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဥပဒေတွင် အကျုံးဝင်သော လုပ်ငန်းအားလုံးသည် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) လုပ်ငန်းမှတ်ပုံတင်၍ ဆောင်ရွက်နေသော လုပ်ငန်းများသည် မှတ်ပုံတင်ပါစည်းကမ်းများနှင့် ကိုက်ညီမှုမရှိပါက မှတ်ပုံတင်ကို ပယ်ဖျက်နိုင်သည်။

(ဂ) မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်မှ အစလ-ပုံစံ(၁)များဖြည့်စွက်ရမည်။

(ဃ) လျှောက်လွှာဖြည့်ပြီး တင်ပြလာသည့် လုပ်ငန်းရှင်များ၏ လျှောက်လွှာများအား လျှောက်လွှာလက်ခံစာအုပ်တွင် အချက်အလက်စုံလင်စွာဖြင့် မှတ်တမ်းပြုစု၍ တိုင်းဦးစီးမှူးထံ တင်ပြရမည်။

(င) တိုင်းဦးစီးမှူးမှ လျှောက်လွှာများကိုစိစစ်၍ ကွင်းဆင်းအဖွဲ့ ဖွဲ့စည်းပေးပြီး လွှဲပြောင်းပေးရမည်။

(စ) မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်းရှင်စာရင်းများအား အချက်အလက် စုံလင်စွာဖြင့် ခွင့်ပြုအမှတ်စဉ်အလိုက် မှတ်တမ်းသွင်းထားရှိရမည်။

၁၇။ သက်တမ်းတိုးဆောင်ရွက်ခြင်းများကို အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်သက်တမ်းတိုးရန်အတွက် လုပ်ငန်းရှင်၏ (အစလပုံစံ-၂) မှတ်ပုံတင်လက်မှတ်မူရင်းနှင့်အတူ သက်တမ်းတိုးကြေး၊ ဒဏ်ကြေးအပါအဝင် ပေးသွင်းသည့် ငွေရပြေစာ ငွေသွင်းချလံမိတ္တူတို့ကို သက်တမ်းတိုးဆောင်ရွက်မှု မှတ်တမ်းစာအုပ်တွင် ရေးသွင်းခြင်း၊ မူရင်းလက်မှတ်နှင့် မိတ္တူတို့တွင် အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းခြင်း ရုံးတံဆိပ်အသေးရိုက်နှိပ်ပြီး တိုင်းဦးစီးမှူးထံ တင်ပြရမည်။

(ခ) ဒုတိယအကြိမ်နှင့်အထက် သက်တမ်းတိုးသည့် လုပ်ငန်းရှင်များကို လျှောက်လွှာပြန်လည်ဝယ်ယူစေပြီး ၎င်းလျှောက်လွှာတွင် အချက်အလက်စုံလင်စွာ ဖြည့်သွင်းပြီး သက်တမ်းတိုးတံဆိပ်တုံး ရိုက်နှိပ်ရမည်။

(ဂ) တိုင်းဦးစီးမှူးမှ သက်တမ်းတိုးပေးပြီးသော မှတ်ပုံတင်လက်မှတ်များအား လုပ်ငန်းရှင်ထံ ပြန်လည်ထုတ်ပေးရမည်။

(ဃ) သက်တမ်းတိုးဆောင်ရွက်ရာတွင် လုပ်ငန်းရှင်တစ်ဦးချင်း၏ မှတ်ပုံတင်လက်မှတ်နှင့် မိတ္တူတို့ကို ဖြည့်သွင်းရမည်။

(င) မှတ်ပုံတင်သက်တမ်းအား ၂ နှစ်သတ်မှတ်ရမည်။

(စ) သက်တမ်းကျော်လွန်မှုအား ၁၂ လသာသတ်မှတ်ပြီး ၁၂ လထက် ကျော်လွန်ပါက မှတ်ပုံတင်ပျက်ပြယ်ရမည်။

၁၈။ အချက်အလက်ပြင်ဆင်ခြင်းနှင့် လိပ်စာပြောင်းဆောင်ရွက်ခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်အချက်အလက် ပြင်ဆင်ခြင်းနှင့် လိပ်စာပြောင်း ဆောင်ရွက်ခြင်းများအတွက် လုပ်ငန်းရှင်၏ အစလပုံစံ-၂ မှတ်ပုံတင်လက်မှတ်မူရင်းနှင့်အတူ ပြင်ဆင်ကြေးပေးသွင်းသည့် ငွေရပြေစာ ငွေသွင်းချလံမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ရပ်ကွက်အတွင်း အမှန်လုပ်ငန်းလုပ်ကိုင်နေကြောင်း ထောက်ခံစာတို့ပူးတွဲလျက် တိုင်းဦးစီးမှူးထံ တင်ပြရမည်။

(ခ) ပြင်ဆင်ရမည့် အချက်အလက်ကို မိတ္တူဖြင့်ပြုစုပြီး အစလပုံစံ-၂ နှင့်အတူ ပူးတွဲ၍ လုပ်ငန်းရှင်ထံ ပြန်လည်ထုတ်ပေးရမည်။

၁၉။ မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးပါက လျှောက်ထားခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသည့်အတွက် ဒဏ်ကြေးငွေပေးသွင်းသည့် ချလံမိတ္တူ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာရဲစခန်းတို့၏ မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာမူရင်းတို့ ပူးတွဲ၍ တိုင်းဦးစီးမှူးထံ တင်ပြရမည်။

(ခ) တိုင်းဦးစီးမှူးသည် အချက်အလက်များပြည့်စုံမှန်ကန်မှု ရှိ/မရှိစိစစ်၍ အစလပုံစံ-၂ မိတ္တူမှန် ထုတ်ပေးနိုင်သည်။

၂၀။ မှတ်ပုံတင်လက်မှတ် ဟောင်းနွမ်းပျက်စီး၍ အသစ်လဲလှယ်လျှောက်ထားခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လက်မှတ်အသစ်လဲလျှောက်ထားခြင်းအတွက် လုပ်ငန်းရှင်၏ အစလလပုံစံ-၂ မှတ်ပုံတင်လက်မှတ်မူရင်းနှင့်အတူ မှတ်ပုံတင်လက်မှတ်အသစ်အတွက် သတ်မှတ်ကြေးပေးသွင်းသည့် ငွေရပြေစာ၊ ငွေသွင်းချလံ မိတ္တူတို့ပူးတွဲလျက် တိုင်းဦးစီးမှူးထံ တင်ပြရမည်။

(ခ) တိုင်းဦးစီးမှူးသည် အချက်အလက်များမှန်ကန်မှုရှိလျှင် အစလပုံစံ-၂ မိတ္တူထုတ်ပေးနိုင်သည်။

## အခန်း(၉)

## ဘဏ္ဍာရေး

၂၁။ ကော်မတီသည် ရငွေ၊ သုံးငွေဆိုင်ရာငွေစာရင်းများ ထားရှိခြင်းတို့ကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၂။ ကော်မတီသည် ရငွေ၊ သုံးငွေဆိုင်ရာငွေစာရင်းများနှင့် ပစ္စည်းစာရင်းတို့ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကိုခံယူရမည်။

## အခန်း(၁၀)

## အထွေထွေ

၂၃။ ဝန်ကြီးသည် မှတ်ပုံတင်ကြေး၊ လျှောက်လွှာကြေး၊ သက်တမ်းတိုးကြေး၊ ဒဏ်ကြေး၊ အချက်အလက်ပြင်ကြေး၊ မှတ်ပုံတင်လက်မှတ်အသစ်လဲလှယ်ကြေး၊ လိပ်စာပြောင်းဆောင်ရွက်ခနှင့် မှတ်ပုံတင်လက်မှတ်ပျောက်လျှောက်ထားကြေး စသည်တို့ကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၄။ မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခြင်းခံရသူသည် လက်ရှိဆောင်ရွက်လျက်ရှိသော အဆိုပါ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၅။ တိုင်းဦးစီးမှူး သို့မဟုတ် တိုင်းဦးစီးမှူးက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်သည် ဤနည်းဥပဒေပါ ပြစ်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးတွင် တရားလိုပြုလုပ်၍ တရားစွဲဆိုနိုင်သည်။

(ပုံ)ရဲမြင့်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပုံစံ(က)

သို့

တိုင်းဦးစီးမှူး

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **မြို့နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း မျိုးတူစုအဖွဲ့ ဖွဲ့စည်းပေးရန် ဆန္ဒပြု တင်ပြခြင်း**

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ ---------မြို့နယ်တွင် မန္တလေး တိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ခွင့် ရှိထားသော -----------လုပ်ငန်းရှင်တို့သည်---------- လုပ်ငန်းရှင်များ မျိုးတူစုဖွဲ့စည်း လိုသော ဆန္ဒသဘောထားရှိသည်ကို ဆွေးနွေးသိရှိရပါသည်။

၂။ လုပ်ငန်းမျိုးတူစုအဖွဲ့ ဖွဲ့စည်းရန်ဆန္ဒရှိကြသော လုပ်ငန်းရှင်များ၏ စာရင်းနှင့်စည်းမျဉ်း မူကြမ်းကို ပူးတွဲဖော်ပြထားပါသည်။

၃။ သို့ဖြစ်ပါ၍ လုပ်ငန်းမျိုးတူစုအဖွဲ့ ဖွဲ့စည်းပေးနိုင်ရေးအတွက် ကျွန်တော် ဆော်ဩသူအဖြစ် တင်ပြအပ်ပါသည်။

လက်မှတ်၊---------------------------------

ဆော်ဩသူအမည်၊-------------------------

နေရပ်လိပ်စာ၊------------------------------

----------------------------

လုပ်ငန်းရှင်မှတ်ပုံတင်အစအမှတ်၊------------

ဆက်သွယ်ရန်ဖုန်းနံပါတ်၊-------------------

ပုံစံ(က-၁)

-------------တိုင်းဒေသကြီး၊ ----------မြို့နယ်ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခွင့် ရရှိထားသော-------------လုပ်ငန်းရှင်တို့သည် လုပ်ငန်းမျိုးတူစုအဖွဲ့ ဖွဲ့စည်းပေးရန် ဆန္ဒသဘော ထားရှိပါသောကြောင့် ဆော်သြသူ၏ စီစဉ်မှုအရ ဆောင်ရွက်ပေးပါရန် လက်မှတ်ရေးထိုးလျှောက် ထားအပ်ပါသည်။

| စဉ် | အမည် | ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ | အစအမှတ် | ထိုးမြဲလက်မှတ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

ပုံစံ(ခ)

မန္တလေးတိုင်းဒေသကြီး၊ ----------------မြို့နယ်၊---------------------လုပ်ငန်းမျိုးတူစုအဖွဲ့ဖွဲ့စည်းပေးရန် ဆန္ဒသဘောထားရှိသော လုပ်ငန်းရှင်များစာရင်းနှင့် ထိုးမြဲလက်မှတ်

| စဉ် | အမည်/အမျိုးသား မှတ်ပုံတင်အမှတ် | ဆက်သွယ်ရန်နေရပ်လိပ်စာအပြည့်အစုံ | အစအမှတ် | ထိုးမြဲ လက်မှတ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

အ စ လ ပုံစံ(၁)

# အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာ

သို့

တိုင်းဦးစီးမှူး

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

မန္တလေးတိုင်းဒေသကြီး

| ဓါတ်ပုံ |
|---|

ရက်စွဲ၊ ခုနှစ်၊ လ ရက်

၁။ ကျွန်တော်/ကျွန်မ၏ တစ်ဦးတည်းပိုင်/( )ဦးပိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းကို မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၂။ မှတ်ပုံတင်ပေးရမည့် လုပ်ငန်းအမည်၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းတည်နေရာ လိပ်စာကို အောက်တွင်ဖော်ပြအပ်ပါသည်။ လုပ်ငန်းအခြေအနေကို အစလ ပုံစံ-၁(က)ဖြင့် ပူးတွဲတင်ပြပါသည်-

(က) လုပ်ငန်းအမည်/လုပ်ငန်း ---------------------------------------------------

(ခ) လုပ်ငန်းအမျိုးအစား ထုတ်လုပ်/ဝန်ဆောင်/လက်မှု
---------------------------------------------------

(ဂ) လုပ်ငန်းတည်နေရာ အမှတ် ( ) လမ်း၊ ရပ်ကွက်၊
---------------------------------------------------
မြို့နယ်၊ ပြည်နယ်/တိုင်း။
---------------------------------------------------

(ဃ) တယ်လီဖုန်းအမှတ် ရုံး/စက်ရုံ ---------------------------------------------

အိမ် ---------------------------------------------

၃။ ကျွန်တော်/ကျွန်မ၏လုပ်ငန်းကို မှတ်ပုံတင်ခွင့်ရပါက လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားစာ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

ဌာနမှဖြည့်စွက်ရန်

(၁) လျှောက်လွှာရရှိသည့်

(က)အမှတ်စဉ်-----------------

(ခ)ရက်စွဲ ----------------------

လျှောက်ထားသူ

(၁) ထိုးမြဲလက်မှတ်-----------------

(၂) လုပ်ငန်းရှင်အမည်--------------

(၂) လွှဲပြောင်းလက်ခံသူလက်မှတ်------- | (၃) ကိုင်ဆောင်သည့်နိုင်ငံသားမှတ်ပုံတင်အမှတ်-------------------

အမည် ----------------------------- | (၄) နေရပ်လိပ်စာ--------------------

ရာထူး/ဌာန------------------------ | ----------------------------------

လုပ်ငန်းမှထုတ်လုပ်သည့်/ဆောင်ရွက်သည့်ပစ္စည်း(ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်)

**(က) လက်ရှိလုပ်ငန်းပမာဏ**

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည်အရွယ်အစား | ရေတွက်ပုံ | ထုတ်လုပ်သည့်/ဆောင်ရွက်သည့် (ဘဏ္ဍာရေးနှစ်ထိ) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး(ကျပ်) | |
| | | | | | |
| | စုစုပေါင်း | | | | |

မှတ်ချက် - ထုတ်လုပ်သည့်ကုန်ချောပစ္စည်းအားလုံးပါဝင်ရန်။

- လိုအပ်က သီးခြားစာရွက်တွင် ပူးတွဲတင်ပြရန်။

## (ခ) လာမည့်နှစ်အတွက်လျာထားချက်

| အမှတ်စဉ် | ပစ္စည်းအမျိုးအမည် အရွယ်အစား | ရေတွက်ပုံ | ထုတ်လုပ်သည့်/ဆောင်ရွက်သည့် (ဘဏ္ဍာရေးနှစ် ထိ) | | မှတ်ချက် |
|---|---|---|---|---|---|
| | | | အရေအတွက် | တန်ဖိုး(ကျပ်) | |
| | | | | | |
| | စုစုပေါင်း | | | | |

မှတ်ချက် - လက်ရှိလုပ်ငန်းအပေါ်မူတည်၍ ပုံမှန်/တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေဖော်ပြပေးရန်

## ၄။ ကုန်ကြမ်းလိုအပ်ချက်

| အမှတ်စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | ရရှိနိုင်သည့်ဒေသ ပြည်တွင်း/ပြည်ပ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

မှတ်ချက် - လုပ်ငန်းအတွက် အသုံးပြုသော ကုန်ကြမ်းပစ္စည်းအားလုံးပါဝင်ရန်၊ မှတ်ချက်ကော်လံ

တွင်ကုန်ကြမ်းရရှိမှု ဝန်ခံချက်လက်မှတ်ရေးထိုးရန်။

- လိုအပ်က သီးခြားစာရွက်တွင် ပူးတွဲတင်ပြရန်။

## ၅။ အသုံးပြုသည့်စက်(မော်တာ/အင်ဂျင်/အခြား)

| အမှတ်စဉ် | အမျိုးအမည် | မြင်းကောင်ရေ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| | | | | |

## ၆။ အလုပ်သမားများ

| အမှတ်စဉ် | အမည် | အသက် | ပညာ/ကျွမ်းကျင်မှု အရည်အချင်း | ခန့်ထားသည့်နေ့ | တာဝန်/ရာထူး ပုတ်ပြတ်/နေ့စား/လစာ |
|---|---|---|---|---|---|
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |

၇။ **ရင်းနှီးငွေကျပ်**-----------------------------------------------------------------------------

(က) လုပ်ငန်းသုံးစက်ပစ္စည်းတန်ဘိုး----------------------------------------------------

(ခ) လည်ပတ်ငွေ-------------------------------------------------------------------------

## ၈။ အခြားဌာနတွင် မှတ်ပုံတင်ထားမှုအခြေအနေ

| အမှတ်စဉ် | မှတ်ပုံတင်ဌာနအမည် | မှတ်ပုံတင်အမှတ် | ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|
| | | | | |

## ၉။ အခြားတင်ပြလိုသည့်အချက်များ

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

-----------------------------------------------------------------------------------------

၁၀။ အထက်တွင် ဖြည့်စွက်ရေးသားသည့် အချက်အလက်များ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

ထိုးမြဲလက်မှတ်-------------------------

လုပ်ငန်းရှင်အမည်----------------------

ကိုင်ဆောင်သည့်နိုင်ငံသား---------------

မှတ်ပုံတင်အမှတ်------------------------

အစလ ပုံစံ၁(က)

**မှတ်ပုံတင်လျှောက်ထားသူက လျှောက်လွှာတွင် ပူးတွဲတင်ပြသော လုပ်ငန်း အခြေအနေ**

၁။ လုပ်ငန်း၏

(က) အမည် ------------------------------------------------------------------

(ခ) အမျိုးအစား ------------------------------------------------------------------

(ဂ) လုပ်ငန်းတည်နေရာလိပ်စာ၊ အမှတ် ( )၊ လမ်း၊ ရပ်ကွက်၊
------------------------------------------
မြို့နယ်၊ ပြည်နယ်/တိုင်း။
------------------------------------------------
------------------------------------------------

(ဃ) လုပ်ငန်းစတင်တည်ထောင်သည့် ----ခုနှစ်၊-----လ၊ -----ရက်

၂။ လျှောက်လွှာတွင် ပူးတွဲတင်ပြသော မိတ္တူစာရွက်များ

(က) နိုင်ငံသားမှတ်ပုံတင်လက်မှတ်မိတ္တူ ----------------------------------------------

(ခ) အခြားဌာနတွင် မှတ်ပုံတင်ထားရှိက(မိတ္တူ)------------------------------------------

(ဂ) အခြား -----------------------------------------------------

-----------------------------------------------------

၃။ ပိုင်ဆိုင်မှုတစ်ဦးတည်းပိုင် (သို့မဟုတ်) ( )ဦးစုပေါင်းပိုင်ဖြစ်ပါသည်။

**၄။ လုပ်ငန်းရှင်စာရင်း**

| အမှတ်စဉ် | လုပ်ငန်းရှင်အမည် | ကိုင်ဆောင်သည့်နိုင်ငံသား မှတ်ပုံတင်အမှတ် | ပိုင်ဆိုင်သည့်အစုတန်ဘိုး (ကျပ်) | လိပ်စာ |
|---|---|---|---|---|
| | | | | |

**အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ တင်ပြရာတွင် လိုက်နာရမည့်အချက်များ**

၁။ ထင်ရှားပြတ်သားသည့် လိုင်စင်ဓာတ်ပုံ(၅)ပုံ ပူးတွဲတင်ပြရန် (၆ လအတွင်း ရိုက်ကူးထားသည့် ဓာတ်ပုံ၊ အမျိုးသားဖြစ်ပါက ရှပ်အင်္ကျီ၊ အမျိုးသမီးဖြစ်ပါက ရင်စေ့အင်္ကျီ)

၂။ လုပ်ငန်းရှင်၏ နိုင်ငံသားမှတ်ပုံတင်လက်မှတ် မိတ္တူတင်ပြရန်၊

၃။ လုပ်ငန်းတည်နေရာလိပ်စာ ပြည့်စုံစွာဖော်ပြရန်၊

၄။ သုံးစွဲသည့် ကုန်ကြမ်းတန်ဘိုး၊ ခန့်ထားသည့် အလုပ်သမားစရိတ်နှင့် ထုတ်လုပ်မှုတန်ဘိုးတို့ ဆီလျော်မှုရှိစေရန်၊

၅။ သက်တမ်းကျော်လွန်လျှောက်ထားခြင်းဖြစ်ပါက အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်မူရင်း ပူးတွဲတင်ပြရန်၊

၆။ လုပ်ငန်းနှင့်ပတ်သက်သည့် သက်ဆိုင်ရာ ထောက်ခံချက်များ ပူးတွဲတင်ပြရန်

အစလပုံစံ-၂

# မှတ်ပုံတင်လက်မှတ်

## သမဝါယမဝန်ကြီးဌာန

## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

## မန္တလေးတိုင်းဒေသကြီး

## အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်

မှတ်ပုံတင်လက်မှတ်------------------ ရက်စွဲ -------------------------

တိုင်းဒေသကြီး-------------------- မြို့နယ်---------မြို့/ကျေးရွာ

ရပ်ကွက်-------------------------

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၉ အရ အောက်ပါ အသေးစားစက်မှုလက်မှုလုပ်ငန်းသည် မှတ်ပုံတင်ပြီးဖြစ်ပါသည်-

၁။ လုပ်ငန်းအမည် -------------------------------------------------------------

၂။ လုပ်ငန်းအမျိုးအစား --------------------------------------------------------------------

၃။ ထုတ်လုပ်သည့်/ဆောင်ရွက်သည့်လုပ်ငန်း ------------------------------------------------

၄။ ပိုင်ဆိုင်မှုအမျိုးအစား ---------------------------------------------------------------------

၅။ လုပ်ငန်းစတင်လုပ်ကိုင်သည့်နေ့ --------------------------------------------------------

၆။ လုပ်ငန်းတည်နေရာလိပ်စာ-------------------------------------------------------------

၇။ လုပ်ငန်းရှင်အမည် -------------------------------------------------------------------

၈။ ကိုင်ဆောင်သည့်မှတ်ပုံတင်အမှတ်------------------------------------------------------

၉။ အသုံးပြုသည့်အမျိုးအစား ------------------------------------------------------------

မြင်းကောင်ရေ --------------------------------------------------------------

၁၀။ အလုပ်သမားဦးရေ --------------------------------------------------------------------

၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်ရက် ----------------------------------------------------

| |
|---|
| လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီလိုက်နာဆောင်ရွက်ရမည်။ |

( )

တိုင်းဦးစီးမှူး

## မှတ်ပုံတင်လုပ်ငန်းရှင်များလိုက်နာရန်စည်းကမ်း

၁။ မှတ်ပုံတင်လက်မှတ်ကို အများမြင်နိုင်သည့်နေရာတွင် ချိတ်ဆွဲထားရမည်။

၂။ မှတ်ပုံတင်လက်မှတ်ကို မသက်ဆိုင်သူများအား လွှဲအပ်ခြင်း(သို့မဟုတ်) လွှဲပြောင်းခြင်း မပြု လုပ်ရ။

၃။ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်ခြင်း မပြု လုပ်ရ။

၄။ မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးလျှင်/ ပျက်စီးလျှင်/ မထင်မရှားဖြစ်လျှင် ခိုင်လုံသော အထောက်အထားဖြင့် တိုင်းဦးစီးမှူးထံ သတ်မှတ်သော နည်းလမ်းအတိုင်း လျှောက်ထား၍ မှတ်ပုံတင်လက်မှတ် တောင်းခံရမည်။

၅။ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များ ပြောင်းလဲလိုလျှင် သတ်မှတ်သော နည်းလမ်း နှင့်အညီ တိုင်းဦးစီးမှူးထံ လျှောက်ထားရမည်။

၆။ လုပ်ငန်းလွှဲပြောင်းခြင်းနှင့် နေရပ်လိပ်စာပြောင်းလဲခြင်းတို့ကို ဦးစီးဌာနသို့ ရက်ပေါင်း (၃၀) ကြိုတင်အကြောင်းကြားရမည်။

၇။ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရန်အတွက် ဤမှတ်ပုံတင်လက်မှတ်ကို ပူးတွဲ၍ မှတ်ပုံတင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀)အတွင်း တိုင်းဦးစီးမှူးထံ သတ်မှတ်သောနည်းလမ်း နှင့်အညီ လျှောက်ထားရမည်။

မှတ်ပုံတင်သက်တမ်း

| စဉ် | ချပ်အမှတ်/ရက်စွဲ | ကုန်ဆုံးသည့်နေ့ရက် | ခွင့်ပြုသူလက်မှတ် |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |